တော်များနှင့်အတူ ဆွမ်းဘုဉ်းပေးတော်မူစဉ် ယသော်ဓရာ မိဖုရားသည် သားတော်ကို အဝတ်တန်ဆာဆင်၍ ပြောပြ သည်မှာ—

"သားတော်....ဟောဟိုမှာ ကြည့်စမ်း၊ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အဆင်းရှိတဲ့ ရဟန်းတော်ကို မြင်ရဲ့လား၊ အဲဒီ ရဟန်းတော်ဟာ သားတော်ရဲ့ ခမည်းတော်ဘုရား ဖြစ်တယ်၊ သားတော်ရဲ့ ခမည်းတော်မှာ သုံးစွဲလို့ မကုန်နိုင်အောင် ကြီးကျယ်သော ရွှေအိုး ၄-လုံးရှိတယ်၊ တောထွက်သွားတဲ့ အခါကစ၍ ရွှေအိုးကြီးများကို မတွေ့ရတော့ဘူး၊ သွားပြီး တော့ အဲဒီ ရွှေအိုးကြီးများကို "အမွေပေးပါ"ဟု တောင်း ချေ၊"၍သို့ သင်ပြ၍သ ားတော်ကို ဘုရားအထံသို့ လွှတ်လိုက် လေသည်။

သားတော် ရာဟုလာသည် "ခမည်းတော်" ဟူသော ချစ်ခြင်းဖြင့် ရဲတင်းစွာ ဘုရားအထံတော်သို့ လာ၍ "ခမည်း တော်ရဲ့ အရိပ်ဟာ သိပ်ပြီးတော့ အေးချမ်းသာယာပါတယ်" စသည်ဖြင့် တွတ်တီးတွတ်တာ ပြောဆိုလျက် အမွေတောင်း လေသည်၊ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးတော် မူပြီး သောအခါ ကျောင်းတော်သို့ ကြွတော်မူ၏၊ ရာဟုလာ မင်းသားလည်း ဘုရားရှင်၏ နောက်တော်မှ အမွေတောင်း ရင်း လိုက်ပါလာလေ၏၊ ကျောင်းတော်သို့ ရောက်သောအခါ "သားတော်အား လောကုတ္တရာအမွေ ပေးတော်မူမည်"ဟု မိန့်တော်မူပြီးလျှင် အရှင်သာရိပုတြာကို ခေါ်တော်မူ၍ ရှင်သာမဏေ ပြုပေးဘို့ရန် အမိန့်တော်ရှိလေသည်။